**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

**နေပြည်တော်**

Golden Bay Limited မှ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ အနောက်ကြို့ကုန်း၊ ဘုရင့်နောင်လမ်း၊ ငါးဦးစီးဝင်း၊ အမှတ် (၂/၂)၊ မြေဧရိယာ (၃.၅၆)ဧက တွင် အကောင်အထည်ဖော်ဆောင်ရွက်နေသော တန်ဖိုးမြင့် အေးခဲငါးနှင့် ပုစွန်ထုတ်ကုန်များ ထုတ်လုပ်ရောင်းချခြင်း လုပ်ငန်းအတွက် တင်ပြလာသော ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၏

# ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်

**(Environmental Compliance Certificate-ECC)**

ရက်စွဲ။ ၂၀၂၃ ခုနှစ် မတ်လ ၃၁ ရက်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
# ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်
# (Environmental Compliance Certificate - ECC)

သက်သေခံလက်မှတ်အမှတ်။ ECC( ၀၈၃ ) ရက်စွဲ။ ၂၀၂၃ ခုနှစ် မတ်လ ၃၁ ရက်

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ (ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၉/၂၀၁၂) နှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်း (အမိန့်ကြော်ငြာစာအမှတ် ၆၁၆/၂၀၁၅) တို့အရ နောက်ဆက်တွဲ (က) တွင် ဖော်ပြထားသော အဆိုပြုစီမံကိန်းအား နောက်ဆက်တွဲ (ခ) ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်စေလျက် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate - ECC) ကို ထုတ်ပေးလိုက်သည်-

| | | | |
|---|---|---|---|
| (က) | **စီမံကိန်းအဆိုပြုသူ** | - | Golden Bay Limited |
| (ခ) | **ဆက်သွယ်ရန် လိပ်စာ** | - | အမှတ် (၂/၂)၊ ငါးဦးစီးဝင်း၊ ဘုရင့်နောင်လမ်း၊ အနောက်ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း +၀၁၃ ၆၈၆၀၁၈၊ +၀၁၃၆၈၆၀၁၉။ |
| (ဂ) | **စီမံကိန်းအမျိုးအစား** | - | တန်ဖိုးမြင့်အေးခဲငါးနှင့်ပုစွန်ထုတ်ကုန်များထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း။ |
| (ဃ) | **စီမံကိန်းကာလ** | - | အခွင့်အမိန့်အရ အဖွဲ့အစည်းက ခွင့်ပြုသည့် ကာလအတိုင်း ဖြစ်သည်။ |
| (င) | **စီမံကိန်း၏ အရွယ်အစား** | - | စီမံကိန်းဧရိယာ(၃.၅၆) ဧက |
| (စ) | **စီမံကိန်းတည်နေရာ** | - | ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ အနောက်ကြို့ကုန်း၊ ဘုရင့်နောင်လမ်း၊ ငါးဦးစီးဝင်း၊ အမှတ် (၂/၂)။ |
| (ဆ) | ECC သက်တမ်း | - | (၅)နှစ်<br>စတင်ထုတ်ပေးရက် - ၆-၉-၂၀၂၁<br>သက်တမ်းကုန်ဆုံးရက် - ၅-၉-၂၀၂၆ |
| (ဇ) | **အတည်ပြုအစီရင်ခံစာ** | - | ကုမ္ပဏီ၏ ၂၀၂၀ခုနှစ်၊ ဖေဖော်ဝါရီလ ရက်စွဲပါ စာအမှတ်၊ GBL/HR and Admin/005/2020 |

## စည်းကမ်းချက်များသတ်မှတ်ခြင်း

၂။ အောက်ဖော်ပြပါ ရည်ရွယ်ချက်များ ရရှိနိုင်ရေးအတွက် ဤသက်သေခံလက်မှတ်၏ နောက်ဆက်တွဲပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရန် သတ်မှတ်ထားခြင်းဖြစ်ပါသည်-

(က) ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများကို ကြိုတင်ကာကွယ်ရေး၊ အနိမ့်ဆုံးဖြစ်စေရေးနှင့် ထိခိုက်မှုများကို ပြန်လည်ကုစားရေး ဆောင်ရွက်ပေးရန်၊

(ခ) စီမံကိန်းအဆိုပြုသူ၏ စီမံကိန်းဆိုင်ရာ ကတိကဝတ်များနှင့် လိုက်နာထမ်းဆောင်ရမည့် တာဝန်များကို သတ်မှတ်ရန်၊

(ဂ) လက်ခံနိုင်သော ပတ်ဝန်းကျင်အရည်အသွေး ဖြစ်စေရေးအတွက် စံချိန်စံညွှန်းများနှင့် အရည်အသွေးတိုင်းတာရေးနည်းလမ်းများ သတ်မှတ်ရန်၊

(ဃ) စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အစီရင်ခံခြင်းတို့ကို ပုံမှန်ဆောင်ရွက်စေရန်၊

(င) စီမံကိန်းတွင် စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည့် ပတ်ဝန်းကျင်စီမံခန့်ခွဲရေး အစီအမံတစ်ရပ်ကို ရေးဆွဲဆောင်ရွက်ရန်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ★ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ★ ပြည်ထောင်စုဝန်ကြီးရုံး

(လှမောင်သိန်း)
အမြဲတမ်းအတွင်းဝန်
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

နောက်ဆက်တွဲ(က)

## တန်ဖိုးမြင့် အေးခဲငါးနှင့် ပုစွန်ထုတ်ကုန်များ ထုတ်လုပ်ရောင်းချခြင်း လုပ်ငန်း၏ စီမံကိန်းအကြောင်းအရာ

၁။ Golden Bay Limited မှ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ အနောက်ကြို့ကုန်း၊ ဘုရင့်နောင်လမ်း၊ ငါးဦးစီးဝင်း၊ အမှတ် (၂/၂) ၊ မြေဧရိယာ (၃.၅၆)ဧက တွင် အကောင်အထည်ဖော်ဆောင်ရွက်နေသော တန်ဖိုးမြင့် အေးခဲငါးနှင့် ပုစွန်ထုတ်ကုန်များ ထုတ်လုပ်ရောင်းချခြင်း လုပ်ငန်းနှင့်ပတ်သက်၍ ကုမ္ပဏီ၏ ၂၀၂၀ ခုနှစ်၊ ဖေဖော်ဝါရီလ ရက်စွဲပါ စာအမှတ်၊ GBL/HR and Admin/005/2020ဖြင့် တင်ပြခဲ့သည့် အပြီးသတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံ လက်မှတ် (Environmental Compliance Certificate – ECC) ထုတ်ပေးခြင်းဖြစ်သည်။

၂။ **စီမံကိန်းအဆိုပြုသူ။** ဦးမျိုးညွန့်၊ မန်နေးဂျင်းဒါရိုက်တာ၊ အမှတ် (၂/၂)၊ ငါးဦးစီးဝင်း၊ ဘုရင့်နောင်လမ်း၊ အနောက်ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း +၀၁၃ ၆၈၆၀၁၈၊ +၀၁၃၆၈၆၀၁၉၊အီးမေးလ် myonyuntgfti@myanmar.com.mm ၊ generalfood@myanmar.com.mm ၊ Golden Bay Limited ဖြစ်ပါသည်။

၃။ **စီမံကိန်းဆောင်ရွက်ပုံအဆင့်ဆင့်။** စီမံကိန်းလုပ်ငန်းဆောင်ရွက်ပုံအနေဖြင့် ထုတ်လုပ်မှု လုပ်ငန်းစဉ် (၃)မျိုးဖြင့် လည်ပတ်လျက်ရှိပြီး ပုစွန်ကုန်ကြမ်းထုတ်လုပ်ခြင်း၊ အဆင့်မြင့် ပုစွန်ထုတ်လုပ်ခြင်းနှင့် အေးခဲငါး ထုတ်လုပ်ခြင်းတို့ ဆောင်ရွက်ကြောင်း၊ အေးခဲငါးထုတ်လုပ်ခြင်းနှင့် အဆင့်မြင့်ပုစွန်ထုတ်လုပ်ခြင်းကို ဝယ်ယူသည့် နိုင်ငံနှင့် ဈေးကွက်လိုအပ်ချက်ပေါ် မူတည်၍ ထုတ်လုပ်လျက်ရှိကြောင်း ဖော်ပြထားပါသည်။

၄။ **အသုံးပြုကုန်ကြမ်းပစ္စည်းများ။** အဓိကကုန်ကြမ်းများအနေဖြင့် ကုန်ကြမ်းရရှိမှုအနေဖြင့် Raw Prawns များကို ပြည်တွင်းမှသာ ရရှိပြီး Flathead fishes များကို အာဂျင်တီးနားနိုင်ငံမှ တင်သွင်းကြောင်းဖော်ပြထားပါသည်။

၅။ **စီမံကိန်းတည်နေရာ။** ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ အနောက်ကြို့ကုန်း၊ ဘုရင့်နောင်လမ်း၊ ငါးဦးစီးဝင်း၊ အမှတ် (၂/၂)၊ မြေဧရိယာ (၃.၅၆)ဧကပေါ်တွင် တည်ရှိပါသည်။ မြောက်လတ္တီတွဒ် ၁၆°၅၁'၅၉.၄၁"၊ ၁၆°၅၁'၅၂.၉၉"နှင့် အရှေ့လောင်ဂျီတွဒ် ၉၉°၆'၂.၉၅"၊ ၉၆°၆'၂.၅၈" တွင် တည်ရှိပါသည်။

J




Figure 1: Location Map





Figure 2: Layout Plan





Figure 3: Wastewater Treatment Layout Plan





Figure 4: Fish and Prawn Processing Flow

နောက်ဆက်တွဲ(ခ)

## ကတိကဝတ်များ၊ စည်းကမ်းသတ်မှတ်ချက်များနှင့် အထွေထွေစည်းကမ်းများ

### ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ လိုက်နာဆောင်ရွက်ရမည့်ကတိကဝတ်များ

၆။ စီမံကိန်းအဆိုပြုသူက ကုမ္ပဏီ၏ ၂၀၂၀ ခုနှစ်၊ ဖေဖော်ဝါရီလ ရက်စွဲပါ စာအမှတ်၊ GBL/HR and Admin/005/2020 တင်ပြလာသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် အောက်ပါကတိကဝတ်များကို လိုက်နာ ဆောင်ရွက်ရမည်-

(က) **မူဝါဒဥပဒေနှင့် လုပ်ထုံးလုပ်နည်း။** စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု)လမ်းညွှန်ချက်များနှင့် စီမံကိန်းနှင့်သက်ဆိုင်သည့် အခြားဥပဒေ၊ နည်းဥပဒေများ၊ မူဝါဒများကို လိုက်နာရမည်။

(ခ) **စီမံကိန်းဆောင်ရွက်မည့်နည်းစဉ်။** စီမံကိန်းအနေဖြင့် ထုတ်လုပ်မှုလုပ်ငန်းစဉ် (၃) မျိုး ဖြင့် လည်ပတ်လျက်ရှိပြီး ပုစွန်ကုန်ကြမ်းထုတ်လုပ်ခြင်း၊ အဆင့်မြင့် ပုစွန်ထုတ်လုပ်ခြင်းနှင့် အေးခဲငါး ထုတ်လုပ်ခြင်းတို့ ဆောင်ရွက်ကြောင်း၊ အေးခဲငါးထုတ်လုပ်ခြင်းနှင့် အဆင့်မြင့် ပုစွန်ထုတ်လုပ်ခြင်းကို ဝယ်ယူသည့်နိုင်ငံနှင့် ဈေးကွက်လိုအပ်ချက်ပေါ် မူတည်၍ ထုတ်လုပ်လျက်ရှိကြောင်းဖော်ပြထားပါသည်။

(ဂ) **လေထုအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) Ammonia ဖယ်ထုတ်ရန် အတွက် Acid Scrubber များ တပ်ဆင်ဆောင်ရွက်သွားရန်၊

(၂) လေအရည်အသွေး ကောင်းမွန်အောင် Bio Filter များ တပ်ဆင်ဆောင်ရွက်သွားရန်၊

(၃) စက်ရုံအတွင်း အသုံးပြုသော စက်များနှင့် လေသန့်စင်သည့်စနစ်တို့အား ပုံမှန်ပြုပြင်မှုများ ပြုလုပ် ဆောင်ရွက်သွားရန်၊

(၄) လုပ်သားများအား လုံလောက်သော နှာခေါင်းစည်းများဝတ်ဆင်၍ ဆောင်ရွက်စေရန်။

(ဃ) **ရေအရည်အသွေးစီမံခန့်ခွဲမှု။** တစ်ဖက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စက်ရုံမှစွန့်ထုတ်အရည်များအား Treatment Plant တွင် သန့်စင်စေပြီး အမျိုးသား ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု)လမ်းညွှန်ချက်နှင့်အညီ လိုက်နာဆောင်ရွက်သွားရန်၊

(၂) စွန့်ပစ်ရေများအား ပြုပြင်သန့်စင်ခြင်း မပြုလုပ်ဘဲ မြစ်ချောင်း များအတွင်း စွန့်ထုတ်ခြင်းမပြုလုပ်ရန်။

(င) **ဆူညံသံစီမံခန့်ခွဲမှု။** အသံဆူညံမှုနည်းသောပစ္စည်းများ၊ စက်ပစ္စည်းများ အသုံးပြုခြင်း၊ ဆူညံမှုရှိသောနေရာများတွင် အလုပ်သမားများအတွက် နားကြပ်များ တပ်ဆင်စေခြင်း၊ အသံဆူညံမှု လျော့နည်းစေရန် စက်ပစ္စည်းများအား ပုံမှန်စစ်ဆေးခြင်း၊ ဆီဖြည့်ခြင်းများ ပြုလုပ်ဆောင်ရွက်ရမည်။

(စ) **စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု။** စီမံကိန်းမှထွက်ရှိသော စွန့်ပစ်ပစ္စည်းများကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ချိတ်ဆက်၍ ဆောင်ရွက်ရမည်။

(ဆ) **ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးအစီအစဉ်။** လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုပ်ငန်းခွင်ကျန်းမာရေးအတွက် Environmental Health and Safety Guideline နှင့်အညီ ဆောင်ရွက်ရန်နှင့် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးအတွက် သင်တန်းများ ပို့ချပေးခြင်း၊ လုပ်ငန်းခွင်ဘေးအန္တရာယ် ကြုံတွေ့လာပါက နီးစပ်ရာ ဆေးရုံနှင့် သက်ဆိုင်ရာမီးသတ်ဌာနများသို့ တိုက်ရိုက်ဆက်သွယ်နိုင်ရန် စီစဉ်ထားရှိခြင်း၊ လုပ်ငန်းခွင်အတွင်း သတိပေးဆိုင်ဘုတ်များ ထားရှိပေးခြင်းတို့ ဆောင်ရွက်ရမည်။

(ဇ) **အရေးပေါ်အခြေအနေတုံ့ပြန်ရေးအစီအစဉ်။** အရေးပေါ်အခြေအနေ တုံ့ပြန်ရေးအစီအစဉ်အတွက် မီးဘေးအန္တရာယ်ကျရောက်လာပါက လိုအပ်သောပစ္စည်းများ၊ သဘာဝဘေးအန္တရာယ် ကျရောက်လာပါက လိုအပ်သော အထောက်အပံ့ပစ္စည်းများ၊ အရေးပေါ်အန္တရာယ် ကျရောက်ပါက နီးစပ်ရာဆေးရုံသို့ ရောက်ရှိရန် စီစဉ်ဆောင်ရွက်ခြင်းနှင့် သက်ဆိုင်ရာဌာနများထံ ဆက်သွယ်အကြောင်းကြား၍ ဆောင်ရွက်မည့် အစီအစဉ်များကို ထားရှိရမည်။

(ဈ) **စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်။** စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေထုအရည်အသွေးနှင့်စပ်လျဉ်း၍ လုပ်ငန်းဆောင်ရွက်သည့်နေရာတွင် တစ်နှစ်လျှင် (၁)ကြိမ် တိုင်းတာဆောင်ရွက်သွားရန်၊

(၂) စွန့်ထုတ်အရည်အသွေးနှင့်စပ်လျဉ်း၍ Wastewater tank မှ ပြုပြင်သန့်စင်ထားသော ရေနှင့် ရိုးကြီးချောင်းအတွင်းရှိ ရေတို့အားတစ်နှစ်လျှင် (၂)ကြိမ် တိုင်းတာရန်၊

(၃) ဆူညံသံနှင့် တုန်ခါမှုနှင့်စပ်လျဉ်း၍ ဆူညံသံထွက်ရှိသော လုပ်ငန်းခွင်၌ အပတ်စဉ်တိုင်းတာရန်။

(၄) စွန့်ပစ်အစိုင်အခဲထွက်ရှိမှုနှင့်ပတ်သက်၍ စွန့်ပစ်အစိုင်အခဲများ စွန့်ပစ်ရာ စက်ရုံနေရာအား အပတ်စဉ် စောင့်ကြပ်ကြည့်ရှုရန်။

(ဌ) **တာဝန်ယူဆောင်ရွက်မည့်အဖွဲ့အစည်းများ။** ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ်နှင့် စောင့်ကြပ်ကြည့်ရှုခြင်းအစီအစဉ်တို့အတွက် အစီရင်ခံစာ၌ ဖော်ပြထားသည့်အတိုင်း ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်ရမည်။

(ဍ) **အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်း။** အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်းကို စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်နေစဉ်အတွင်း စီမံကိန်းအနီးဝန်းကျင်ရှိ ဒေသခံများနှင့် စဉ်ဆက်မပြတ်တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ ဆန္ဒနှင့်သဘောထားများကို ညှိနှိုင်းဆောင်ရွက်ရမည်။

(ဎ) **လျော်ထားအသုံးစရိတ်။** ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင်အသုံးပြုမည့် လျာထားအသုံးစရိတ်အား အောက်ပါလျာထား အသုံးစရိတ်အတိုင်းထားရှိ ဆောင်ရွက်သွားရန်နှင့် လုံလောက်မှု မရှိပါက ထပ်မံဖြည့်တင်း ဆောင်ရွက်ရမည်-

(၁) စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများအတွက် USD 2000 လျာထားရန်၊

(၂) စွမ်းဆောင်ရည်မြှင့်တင်ခြင်းသင်တန်းများအတွက် USD 2000 လျာထားရန်၊

(၃) အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများအတွက် USD 2000 လျာထားရန်၊

(၄) လုပ်ငန်းခွင်ကျန်းမာရေးနှင့်ဘေးကင်းလုံခြုံရေးအတွက် USD 1500 လျာထားရန်။

(ဏ) **လုပ်ငန်းပိတ်သိမ်းခြင်း။** စက်ရုံပိတ်သိမ်းခြင်းကို ဆက်စပ်ဌာနဆိုင်ရာများ၏ ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ ပိတ်သိမ်းခြင်း မဆောင်ရွက်မီ တစ်လ ကြိုတင်၍ ပိတ်သိမ်းမည့် အစီအစဉ်ကို တင်ပြရမည်။

## ပတ်ဝန်းကျင်နှင့်လူမှုရေးစီမံခန့်ခွဲမှုဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းသတ်မှတ်ချက်များ

၇။ စီမံကိန်းအဆိုပြုသူသည် အထက်အပိုဒ် (၆) တွင် ဖော်ပြထားသော ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ကတိကဝတ်များအပြင် အောက်ပါ စည်းကမ်းချက်များ၊ သတ်မှတ်ချက်များကိုလည်း အပြည့်အဝလိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်ပါ စည်းကမ်းသတ်မှတ်ချက်များ။** အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းစဉ် (၂၀၁၈-၂၀၃၀) မြန်မာနိုင်ငံအမျိုးသားအဆင့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုမဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ် (၂၀၂၀) တို့နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မြန်မာနိုင်ငံရာသီဥတု ပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊ မြန်မာနိုင်ငံရာသီဥတု ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းအစီအစဉ်နှင့်အညီ ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ရေကြီးခြင်း၊ မြေပြိုခြင်း၊ လျှော်လျှပ်ခြင်း ကဲ့သို့သော ဘေးအန္တရာယ်များအတွက် အစီအမံများ ရေးဆွဲ၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန်၊

(၂) စီမံကိန်းမှ ထွက်ရှိလာမည့် ပလတ်စတစ်စွန့်ပစ္စည်းများ၊ မိလ္လာအညစ်အကြေးများ၊ ဓာတုဗေဒစွန့်ပစ်ပစ္စည်းများ၊ စက်မှုလုပ်ငန်းများမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများအား စနစ်တကျစွန့်ပစ်ရန်နှင့် လဟာပြင် မီးရှို့မှု ပပျောက်ရေး ဆောင်ရွက်ရန်၊

(၃) စွန့်ပစ်ပစ္စည်းများအား သက်ဆိုင်ရာက စွန့်ပစ်ပစ္စည်းစုပုံစွန့်ပစ်ရန် သတ်မှတ်ထားသော နေရာများတွင် ဘေးအန္တရာယ်ကင်းရှင်းစွာ စွန့်ပစ်ဆောင်ရွက်ရန်၊

(၄) စွန့်ပစ်ပစ္စည်းများအား သိမ်းဆည်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ စွန့်ပစ်ခြင်းတို့နှင့်ပတ်သက်၍ ပြန့်ကျဲထွက်ကျမှု၊ အနံ့အသက်ဆိုးများ ထွက်ရှိမှု၊ ဆူညံမှု၊ တုန်ခါမှုတို့ မရှိစေရေး လိုက်နာဆောင်ရွက်ရန်၊

(၅) စီမံကိန်းမှ ထွက်ရှိသော စွန့်ပစ်ပစ္စည်းနှင့် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ စီမံဆောင်ရွက်ထားရှိမှုကို စောင့်ကြပ်ကြည့်ရှု စစ်ဆေးနိုင်ရေးအတွက် စွန့်ပစ်ပစ္စည်းဆိုင်ရာ မှတ်တမ်းပုံစံထားရှိ ဆောင်ရွက်ရန်၊

(၆) ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် စက်မှုလုပ်ငန်းများမှ ထွက်ရှိ လာသော စွန့်ပစ်ပစ္စည်းများအတွက် ပတ်ဝန်းကျင်နှင့် သဟဇာတ ဖြစ်စေသော စီမံခန့်ခွဲမှုစနစ်ကို တိုးမြှင့်ဆောင်ရွက်ရန်၊

(၇) စီမံကိန်းမှထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများနှင့်ပတ်သက်၍ ထွက်ရှိမှု လျှော့ချခြင်း၊ ပြန်လည်သုံးစွဲခြင်း၊ ပြန်လည်ပြုပြင် ထုတ်လုပ်ခြင်းဖြင့် စွန့်ပစ်ပစ္စည်း ထွက်ရှိမှုများကို ကာကွယ်ဆောင်ရွက်ရန်၊

(၈) စီမံကိန်းမှထွက်ရှိလာမည့်စွန့်ပစ်ပစ္စည်းများစီမံခန့်ခွဲမှုအတွက်အစဉ်လည်ပတ်နေသည့် ရန်ပုံငွေထားရှိ ဆောင်ရွက်ရန်၊

(ခ) **စံချိန်စံညွှန်းစည်းကမ်းသတ်မှတ်ချက်များ။** စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေး၊ ဆူညံသံ၊ အလုပ်စခန်းများ၊ မိလ္လာစနစ်များ၊ အိမ်တွင်းရေဆိုးများနှင့် စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်၊ အထွေထွေလမ်းညွှန်ချက်ပါ သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၂) စွန့်ထုတ်အရည်အသွေးနှင့်စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု)လမ်းညွှန်ချက်၊ အပိုဒ် ၂.၃.၁.၃ ပါ ငါးထုတ်လုပ်ခြင်းလုပ်ငန်းအတွက် သတ်မှတ်ထားသည့် စွန့်ထုတ်အရည်အဆင့် သတ်မှတ်ချက်များ (Effluent Levels) ပါ Parameter များအတိုင်း စောင့်ကြည့် တိုင်းတာ၍ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ သန့်စင်ပြီးမှ စွန့်ထုတ်ရန်၊

(၃) ထုတ်လွှတ်အခိုးအငွေ့နှင့်စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်၊ အပိုဒ် ၂.၃.၁.၃ ပါ ငါးထုတ်လုပ်ခြင်းလုပ်ငန်းအတွက် သတ်မှတ်ထားသည့် ထုတ်လွှတ်အခိုးအငွေ့အဆင့် သတ်မှတ်ချက်များ (Air Emission Levels) ပါ Parameter များဖြစ်သည့် Ammonia, Amines and Amides နှင့် Hydrogen Sulfide, Sulfides, and Mercaptans များကိုပါ စောင့်ကြည့်တိုင်းတာ၍ သတ်မှတ် စံချိန်စံညွှန်းနှင့်အညီ ရှိစေရေး အလေးထားဆောင်ရွက်ရန်၊

(၄) ဆူညံသံအတွက် စီမံကိန်း ဧရိယာပြင်ပရှိ အနီးဆုံးလက်ခံသည့် နေရာတွင် အခြေခံအဆင့်မှ အများဆုံးမြင့်တက်မှု ၃ dBA ထက် မကျော်လွန်စေရေး လိုက်နာဆောင်ရွက်ရန်၊

(၅) တန်ဖိုးမြင့် အေးခဲငါးနှင့် ပုစွန်ထုတ်ကုန်များ ထုတ်လုပ်ရောင်းချခြင်း လုပ်ငန်းနှင့် ဆက်စပ်သော အခြားသက်ဆိုင်ရာ မူဝါဒ၊ ဥပဒေနှင့် သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရန်၊

(ဂ) **ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲရေးဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲမှုအစီအစဉ် နှင့်စပ်လျဉ်း၍ အလုပ်သမားများမှ တောရိုင်းတိရစ္ဆာန်များအား ဖမ်းဆီးခြင်း၊ ဝယ်ယူခြင်း၊ တရားမဝင်သစ်ခုတ်ခြင်းများ မရှိစေရေးကြပ်မတ်ဆောင်ရွက်ရမည်။

(ဃ) **ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းချက်များနှင့် စပ်လျဉ်း၍ စီမံကိန်းလုပ်ငန်းကြောင့် ထိခိုက်ခံစားရမည့် ဒေသခံများအတွက် ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အခြေခံအဆောက်အဦ ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်ခန့်ထားခြင်း၊ ရေရှည်လူမှုစီးပွားရေးဖွံ့ဖြိုး တိုးတက်စေရေးတို့ကို ဆောင်ရွက်ပေးရန်နှင့် ဝန်ထမ်းများ၏ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းတို့ကို ဆောင်ရွက်ရမည်။

(င) **ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးခြင်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းအဆိုပြုသူသည် ဒေသခံများနှင့်တိုင်ပင်ဆွေးနွေးခြင်းလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရမည်-

(၁) ဘေးအန္တရာယ်ရှိ လုပ်ငန်းများ အပါအဝင် တည်ဆောက်ရေးလုပ်ငန်းများနှင့် ဆောင်ရွက်မည့် လုပ်ငန်းများကို ဒေသခံပြည်သူများသို့ ကြိုတင်အသိပေး ဆောင်ရွက်ရန်၊

(၂) တည်ဆောက်ရေးကာလအတွင်း ယာဉ်သွားလာမှုလမ်းကြောင်းများ၊ ယာဉ်သွားလာမှုကြောင့် ဖြစ်နိုင်သောအနှောက်အယှက်များ၊ ပတ်ဝန်းကျင်သာယာမှု အပေါ် ထိခိုက်မှုများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ဒေသခံများသို့ ကြိုတင် အသိပေးရန်၊

(၃) ဒေသခံပြည်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်း၊ ပူးပေါင်းပါဝင်စေခြင်း၊ နစ်နာမှု ဖြေရှင်းရေး လုပ်ငန်းစဉ်များကို လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း အကောင် အထည်ဖော်ဆောင်ရွက်သွားရန်၊

(စ) **အစီရင်ခံတင်ပြခြင်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်များ၊ စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ အောက်ပါကိစ္စရပ်များ ဖြစ်ပွားပါက ဝန်ကြီးဌာနသို့ နှောင့်နှေးမှုမရှိစေဘဲ အစီရင်ခံတင်ပြရမည်-

(၁) ပစ္စည်းကိရိယာများ သို့မဟုတ် နည်းစနစ်များ မှားယွင်းအလုပ်လုပ်ခြင်း၊ ပျက်စီးခြင်း သို့မဟုတ် အလုပ်မလုပ်တော့ခြင်း၊

(၂) သိသာထင်ရှားသော ညစ်ညမ်းမှုဖြစ်ပေါ်စေခဲ့သော သို့မဟုတ် ဖြစ်ပေါ်နေစေသော သို့မဟုတ် ဖြစ်ပေါ်စေနိုင်သော မတော်တဆမှုတစ်ခု ဖြစ်ပွားခြင်း သို့မဟုတ် ထုတ်လွှတ်မှု ကန့်သတ်တန်ဖိုးဖြင့် ထိန်းချုပ်ထားခြင်း မရှိသည့် အရာဝတ္ထုတစ်ခု ထုတ်လွှတ်ခြင်း၊

(၃) သတ်မှတ်ဖော်ပြထားသည့် ကန့်သတ်တန်ဖိုး တစ်ခုခုကို ကျော်လွန်ခြင်း၊

(၄) ပတ်ဝန်းကျင်နှင့် သက်ရှိတို့၏ ကျန်းမာရေးတို့အပေါ် သိသာထင်ရှားသော ဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပေါ်ခြင်း၊

(၅) စီမံကိန်းအဆိုပြုသူသည် ယင်း၏ တာဝန်များပျက်ကွက်မှု သို့မဟုတ် အခြားလုပ်ငန်းများဆောင်ရွက်ရန် ပျက်ကွက်မှု သို့မဟုတ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါအတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုများကို ဖြစ်နိုင်သမျှ ဆောလျင်စွာ ဝန်ကြီးဌာနသို့ စာဖြင့်အသိပေး တင်ပြရမည်။ ပျက်ကွက်မှုတစ်ရပ်ရပ်ကြောင့် အန္တရာယ်ဖြစ်စေနိုင်သော ပတ်ဝန်းကျင်အပေါ် သက်ရောက်မှု ဖြစ်လာနိုင်သည့် အကြောင်းကိစ္စရပ် သို့မဟုတ် ဝန်ကြီးဌာနက အမြန်သိရှိရန် လိုအပ်သည့် အကြောင်းကိစ္စရပ်ကို (၂၄) နာရီအတွင်း လည်းကောင်း၊ အခြားအကြောင်းကိစ္စရပ်များအားလုံးတွင် စီမံကိန်းအဆိုပြုသူက ယင်းဖြစ်စဉ်ဖြစ်ရပ်ကို စတင်သိရှိသည့်အချိန်မှ (၇) ရက်အတွင်း လည်းကောင်း ဝန်ကြီးဌာနသို့ အသိပေးတင်ပြရန်၊

(၆) စီမံကိန်း၏ အရွယ်အစား၊ နယ်ပယ်အတိုင်းအတာ၊ တည်နေရာ၊ အခင်းအကျင်း၊ နည်းပညာ၊ ကြိုတင် မျှော်မှန်းနိုင်သော ဆိုးကျိုးသက်ရောက်မှုကြောင့် ဖြစ်လာသည့် အန္တရာယ်၊ ထုတ်လုပ်မှုနည်းလမ်း သို့မဟုတ် ညစ်ညမ်းမှုတို့ကို တားဆီးရန် သို့မဟုတ် လျှော့ချရန် ဆောင်ရွက်မှုတို့တွင် အဓိကပြောင်းလဲခြင်း သို့မဟုတ် တိုးချဲ့ခြင်း သို့မဟုတ် ဒုတိယတိုးချဲ့ဆောင်ရွက်ရန် အဆိုပြုခြင်းဖြစ်ပါက စီမံကိန်းအဆိုပြုသူသည် သတ်မှတ်ထားသော အချိန်ဇယား

အတွင်း ပြောင်းလဲမှုများ၏ သတင်းအချက်အလက်များနှင့်အတူ ဝန်ကြီးဌာနသို့ တင်ပြရန်၊

(ဂ) စီမံကိန်းဧရိယာအတွင်းတွင် မမျှော်လင့်သော ဘေးအန္တရာယ်များကြောင့်လည်းကောင်း၊ ပတ်ဝန်းကျင်နှင့် လူမှုရေးအခြေအနေ ပြောင်းလဲမှုများကြောင့်လည်းကောင်း၊ ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်မှုများအပေါ် မူတည်၍ သက်ဆိုင်ရာကဏ္ဍအလိုက် စီမံခန့်ခွဲမှုအစီအစဉ်များအား ဝန်ကြီးဌာနသို့ ပြန်လည်တင်ပြရန်၊

(ဃ) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ တင်ပြရာတွင် အောက်ပါအချက်များ ပြည့်စုံစွာ တင်ပြရမည်-

(ကက) စည်းကမ်းချက်များအားလုံးကို လိုက်နာကြောင်း သက်သေခံစာရွက်စာတမ်းအထောက်အထားများ၊

(ခခ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်မှုအတွက် တင်ပြထားသည့် အကောင်အထည်ဖော်မှု ဇယားအတိုင်း ဆောင်ရွက်ရာတွင် အစီရင်ခံသည့် အချိန်အထိတိုးတက်မှု၊

(ဂဂ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသော အခက်အခဲများ၊ ယင်းအခက်အခဲများကို ကုစားရန် အကြံပြုချက်များနှင့် အလားတူ အခက်အခဲများ၊ အနာဂတ်တွင် တွေ့ကြုံရနိုင်မှုကို တားဆီးကာကွယ်ရန် သို့မဟုတ် ရှောင်လွှဲရန် အဆိုပြုသည့် ဆောင်ရွက်မှုများ၊

(ဃဃ) ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သည့် အကြိမ်နှင့် အမျိုးအစား၊ အဆိုပြုသည့် ကုစားမှုဆောင်ရွက်ချက်များနှင့် ကုစားမှု ပြီးမြောက်ရမည့် အချိန်သတ်မှတ်ချက်များ၊

(ငင) လုပ်ငန်းခွင်နှင့် လူမှုအဖွဲ့အစည်း၏ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်နှင့် စပ်လျဉ်း၍ ဖြစ်ပွားသော မတော်တဆမှုများနှင့် ဖြစ်စဉ်ဖြစ်ရပ်များ၊

(စစ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်အရ သတ်မှတ်ထားသည့် သို့မဟုတ် အခြားလိုအပ်သည့် ပတ်ဝန်းကျင်ဆိုင်ရာအတိုင်းအတာနှင့်စည်းကမ်းချက်များဆိုင်ရာ အချက်အလက်များအား စောင့်ကြပ်ကြည့်ရှုမှု။

(၉) စီမံကိန်းအဆိုပြုသူသည် တည်ဆောက်ရေးအဆင့်လုပ်ငန်းများ ဆောင်ရွက်ပြီးနောက်တွင် စီမံကိန်း၏ လုပ်ငန်းခွင်ပြမြေပုံများ၊ လုပ်သားနေရာထိုင်ခင်း စီမံချက်များ၊ တည်ဆောက်ရေးလုပ်ငန်းကို ဤ ECC နှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း အထောက်အထားများပါဝင်သည့် စီမံကိန်း၏ အပြီးသတ်လုပ်ငန်းအစီအစဉ်များကို ကနဦးတင်ပြမည့် စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့်ပူးတွဲ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ တင်ပြရန်၊

(ဆ) **ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းဆောင်ရွက်မည့်နေရာဒေသများတွင် မြေပေါ်/မြေအောက်ရှိ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်နှင့်သက်ဆိုင်သည့် အထောက်အထားများ၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ၊ ရှေးဟောင်းအဆောက်အအုံများ တွေ့ရှိပါကရှေးဟောင်း သုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ ချက်ချင်းဆက်သွယ်သတင်းပို့ အကြောင်းကြားရမည်။

(ဇ) **လူမှုတာဝန်သိအစီအစဉ်(CSR)ဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** လူမှုတာဝန်သိအစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများအား လက်ရှိသို့မဟုတ် စီမံကိန်းမဆောင်ရွက်မီ ကာလထက် မနိမ့်ကျသော လူမှုစီးပွားရေးတည်ငြိမ် ခိုင်မာမှု ရရှိသည်အထိ ဆောင်ရွက်ပေးရန်နှင့် သက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်တည်ထောင်ရေးနှင့် ပြန်လည်နေရာချထားရေးအစီအစဉ်များကို စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများ၊ အခြားသက်ဆိုင်သူများနှင့် တိုင်ပင်ဆွေးနွေး၍ လိုအပ်သလို ပံ့ပိုးနိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊

(၂) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ (Community Development Plan) ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဒေသရှိ ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (Township Development Plans) များနှင့် ချိတ်ဆက်ဆောင်ရွက်ရန်နှင့် စီမံကိန်းအနီးရှိဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများများနှင့် စဉ်ဆက် မပြတ်တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ အကြံပြုချက်နှင့် လိုအပ်ချက်များအား အလေးထား ပေါင်းစပ်ဆောင်ရွက်ရန်၊

(ဈ) **အများပြည်သူသိရှိနိုင်ရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်း အဆိုပြုသူသည် အတည်ပြုထားသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို စီမံကိန်းနှင့်

ဆက်စပ်ပတ်သက်သူများနှင့် အများပြည်သူများ သိရှိနိုင်ရေးအတွက် မြန်မာဘာသာဖြင့် ရေးသားဖော်ပြထားသော အကျဉ်းချုပ်အစီရင်ခံစာနှင့် လိုက်နာ ဆောင်ရွက်မည့် ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာကတိကဝတ်များအား ဖြန့်ဝေအသိပေး ထုတ်ဖော်ကြေညာရမည်။

(ည) **စောင့်ကြပ်ကြည့်ရှုမှု အစီအစဉ်ဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် သက်ဆိုင်ရာ အခွင့်အမိန့်ရ အဖွဲ့အစည်းထံမှစာဖြင့် ခွင့်ပြုချက်ကို လက်ခံရရှိသည့်အခါ အကြိုတည်ဆောက်ခြင်း၊ တည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ် ဆောင်ရွက်ခြင်း၊ လုပ်ငန်းရပ်စဲခြင်း၊ လုပ်ငန်းပိတ်သိမ်းခြင်း၊ လုပ်ငန်းပိတ်သိမ်းပြီးကာလဟူသည့် စီမံကိန်းအဆင့်အားလုံးတွင် ဆိုးကျိုးသက်ရောက်မှုအားလုံးအတွက် စီမံကိန်းနှင့် ဆက်စပ်ဆောင်ရွက်မှုများအပေါ် မိမိကိုယ်မိမိ ဘက်စုံစောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းကို လက်တွေ့စဉ်ဆက်မပြတ် ဆောင်ရွက်ရမည့်အပြင် သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် စံချိန်စံညွှန်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းသတ်မှတ်ချက်များနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါ ကတိကဝတ်များကိုလိုက်နာဆောင်ရွက်ရန်၊

(၂) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရန်၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရာမှ ရရှိသောရလဒ်များကို မှတ်တမ်းတင်ထိန်းသိမ်းထားရန်၊ ယင်းမှတ်တမ်းများတွင် နမူနာစုဆောင်း ရယူခြင်းနှင့် ဓာတ်ခွဲဆန်းစစ်ခြင်း ရလဒ်များ၊ ကိရိယာဖြင့်တိုင်းတာချက်များ၊ ချိန်ညှိတွက်ချက်ခြင်းများ (Calibrations)၊ စစ်ဆေးခြင်းများ၊ စမ်းသပ်ခြင်းနှင့် စာရင်းကောက်ခြင်း၊ အချက်အလက်အခြေခံအဖြစ်အသုံးပြုသည့် ဆန်းစစ်လေ့လာမှုများ စသည်တို့ပါဝင်ရန်၊ မှတ်တမ်းများအားလုံးသည် ဖတ်ရှုနိုင်ရမည် ဖြစ်ပြီး ကြောင်းကျိုးညီညွတ်စွာဖြင့် အသုံးချနိုင်ရမည်။ ပြင်ဆင်ဖြည့်စွက်မှုများရှိပါက မူရင်းမှတ်တမ်းနှင့် ပြင်ဆင်ဖြည့်စွက်ထားသော မှတ်တမ်းနှစ်မျိုးလုံးကို ဖတ်ရှုနိုင်သည့် သို့မဟုတ် ပြန်လည်ဖော်ဆောင် ရယူနိုင်သည့် နည်းလမ်းဖြင့်

ပြင်ဆင်ဖြည့်စွက်ရန်၊ ဝန်ကြီးဌာနမှစာဖြင့် သီးခြားရေးသား သဘောတူထားခြင်းမရှိပါက မှတ်တမ်းများအားလုံးကို ထိန်းသိမ်းထားရန်၊

(၃) စောင့်ကြပ်ကြည့်ရှုမည့်နယ်ပယ် (ရေ၊ လေ၊ ဆူညံသံ) များ၊ နည်းစနစ်များ၊ နမူနာစုဆောင်းခြင်းနှင့် ဓာတ်ခွဲစမ်းသပ်ခြင်း၊ စောင့်ကြပ်တိုင်းတာမည့် နေရာ၊ အကြိမ်အရေအတွက်၊ အချိန်ဇယားနှင့် မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံခြင်း စသည်တို့ကို ရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ (၆) လ တစ်ကြိမ် တင်ပြရန်နှင့် အများပြည်သူသိရှိစေရန် ဝန်ကြီးဌာနသို့ တင်ပြသည့် နေ့ရက်မှ (၁၀) ရက် အတွင်း ထုတ်ဖော်ကြေညာရန်၊

(၄) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် ကုစားပြင်ဆင်ရေးလုပ်ငန်းများ၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ လိုက်နာဆောင်ရွက်ရန်နှင့် စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်တွင် ဖော်ပြထားသည့် ကတိကဝတ်အတိုင်း လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၅) စီမံကိန်းအဆိုပြုသူသည် စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား ဤဝန်ကြီးဌာနသို့ တင်ပြသည့် နေ့ရက်မှ (၁၀) ရက်အတွင်း အမျိုးသားလုံခြုံရေးဆိုင်ရာ ကိစ္စရပ်များမှတစ်ပါး အများပြည်သူ သိရှိနိုင်ရန် စီမံကိန်း၏ ဝက်ဘ်ဆိုဒ်တွင်လည်းကောင်း၊ စာကြည့်တိုက်များ၊ ပြည်သူ့ခန်းမများ စသည့် အများပြည်သူစုဝေးရာနေရာများတွင်လည်းကောင်း၊ စီမံကိန်းရုံးဌာနများတွင် လည်းကောင်း အများ ပြည်သူသိရှိနိုင်စေရန်တင်ပြရန်၊ မည်သည့်အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်မဆို စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ၏ ဒီဂျီတယ်မိတ္တူကို တောင်းခံနိုင်ပြီး စီမံကိန်းအဆိုပြုသူသည်ယင်းတောင်းခံချက်ကိုရရှိပြီးနောက် (၁၀)ရက် အတွင်း ဒီဂျီတယ်မိတ္တူကို အီးမေးလ်ဖြင့်ဖြစ်စေ၊ တောင်းခံသူနှင့် သဘောတူညီထားသည့် အခြားနည်းလမ်းဖြင့်ဖြစ်စေ ပေးပို့ဆောင်ရွက်ရန်၊

(၆) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းလုပ်ငန်းများ သို့မဟုတ် စီမံကိန်းနှင့် ဆက်စပ်သည့် လုပ်ငန်းများကို ဆောင်ရွက်နေသည့် စီမံကိန်းရုံး၊ စီမံကိန်း လုပ်ငန်းခွင်နေရာနှင့် အခြားမည်သည့်နေရာကိုမဆို ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းနှင့် စပ်လျဉ်း၍ ပုံမှန်အလုပ်ချိန်အတွင်း မည်သည့်အချိန်တွင်မဆို ဝင်ရောက် ကြည့်ရှုနိုင်ရေး ခွင့်ပြုရန်၊

(၇) အရေးပေါ်အခြေအနေတစ်ရပ် ဖြစ်ပေါ်လျှင်သော်လည်းကောင်း၊ စီမံကိန်းသည် သက်ဆိုင်ရာပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ သတ်မှတ်ချက်များအားချိုးဖောက်သည် သို့မဟုတ် ချိုးဖောက်နိုင်ဖွယ်ရှိသည်ဟု ဝန်ကြီးဌာနက ထင်မြင်ယူဆလျှင်သော်လည်းကောင်း၊ ဝန်ကြီးဌာနက သတ်မှတ်သည့် မည်သည့်အချိန်တွင်မဆို စီမံကိန်းလုပ်ငန်းခွင်ရှိ မည်သည့်နေရာမဆို ချက်ချင်းဝင်ရောက်နိုင်ရေး ခွင့်ပြုရန်၊

(၈) စီမံကိန်းအဆိုပြုသူသည် ဝန်ကြီးဌာနက စစ်ဆေးခြင်းကို ဆောင်ရွက်ရန် လိုအပ်သည့် ဓာတ်ပုံရိုက်ကူးခြင်း၊ အသံသွင်းခြင်း၊ ဗီဒီယို ရိုက်ကူးခြင်း၊ မြေသား၊ နုန်းအနည်အနှစ်၊ ရေနှင့် လေနမူနာများရယူခြင်းနှင့် ကွန်ပျူတာများကို စစ်ဆေးခြင်း၊ ဒီဂျီတယ် စာတွဲများအပါအဝင် စာရွက်စာတမ်းအထောက်အထားများကို မိတ္တူကူးခြင်း၊ လူပုဂ္ဂိုလ်များကို တွေ့ဆုံမေးမြန်းခြင်းနှင့် လိုအပ်သည်ဟု ယူဆသည့် အခြားစုံစမ်းစစ်ဆေးခြင်း အပါအဝင် မည်သည့်နည်းလမ်းဖြင့်မဆို စစ်ဆေးဆောင်ရွက်ခြင်းကို လိုက်နာဆောင်ရွက်ရန်၊

(၉) ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေ ပတ်ဝန်းကျင်စစ်ဆေးသည့် ကုန်ကျစရိတ်များ၊ စစ်ဆေးသူများအတွက် ကုန်ကျစရိတ်များကျခံခြင်းနှင့် ပတ်သက်၍ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းအပိုဒ်၁၂၂နှင့်အညီ စီမံကိန်းအဆိုပြုသူမှကျခံရန်။

**သက်သေခံလက်မှတ်ဆိုင်ရာစည်းကမ်းချက်များ**

၈။ သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များနှင့်ပတ်သက်၍ အောက်ဖော်ပြပါအချက်တို့ကို လိုက်နာ ဆောင်ရွက်ရမည်-

(က) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ် သက်တမ်းသည် ထုတ်ပေးသည့်နေ့ရက်မှစ၍ (၅)နှစ် ဖြစ်သည်။ စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ် သက်တမ်းမကုန်ဆုံးမီ (၆) လ ကြိုတင်၍ သက်တမ်းတိုးရန် ဝန်ကြီးဌာနသို့ လျှောက်ထားရမည်၊

(ခ) စီမံကိန်းအဆိုပြုသူသည် သက်သေခံလက်မှတ်ရရှိပြီး ပထမ (၂) နှစ်အတွင်း စီမံကိန်း၏ အကောင်အထည်ဖော်မှုကို စတင်ဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်ခြင်းကို

စတင်ဆောင်ရွက်သည့်နေ့မှ ရက်ပေါင်း (၃၀) ထက် နောက်မကျစေဘဲ ဤဦးစီးဌာန သို့ စာဖြင့် သတင်းပို့ အကြောင်းကြားရမည့်အပြင် စီမံကိန်းကို အကောင်အထည် ဖော်ရာတွင် ပါဝင်သော ဆောင်ရွက်မှုများကို သတ်မှတ်ဖော်ပြရမည်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအကောင်အထည်ဖော်မှုကို မည်သည့်အတွက်ကြောင့် စတင်နိုင်ခြင်း မရှိကြောင်းနှင့် စတင်အကောင်အထည်ဖော်နိုင်ရန် အချိန်ကာလ မည်မျှလိုအပ်ကြောင်းကို အကျိုးအကြောင်းဖော်ပြ၍ ထိုလိုအပ်သည့် ကာလအတွက် အချိန်တိုးပေးရန် တင်ပြချက်အရ ဝန်ကြီးဌာနက အချိန်တိုးပေးသည့် ကိစ္စမှ တစ်ပါး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံ လက်မှတ်ရရှိပြီး (၂)နှစ်အတွင်း စီမံကိန်းကို ထိရောက်စွာ အကောင်အထည်ဖော်မှုအား စတင် ဆောင်ရွက်ခြင်းမပြုလျှင် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အသစ်ပြုလုပ် တင်ပြ ရမည်၊

(ဃ) စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အောက်ပါအချက်များ တွေ့ရှိရပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို ဝန်ကြီးဌာနမှ ပြင်ဆင်ခြင်း သို့မဟုတ် ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ်ကို ပြန်လည်ပြင်ဆင်စေပြီး တင်ပြရန် ညွှန်ကြားပါက စီမံကိန်း အဆိုပြုသူက လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းကြောင့် အမှန်တကယ်ထိခိုက်မှု သို့မဟုတ် ထိခိုက်နိုင်မှုများကို လျှော့ချရန် ဆောင်ရွက်မှုများသည် ပြည့်စုံမှုမရှိခြင်း သို့မဟုတ် လုံလောက်မှု မရှိခြင်း၊

(၂) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများသည် မည်ကဲ့သို့ ထိခိုက်မှုဖြစ်စေ ကြောင်း သို့မဟုတ် ဖြစ်စေနိုင်ကြောင်း သို့မဟုတ် ဖြစ်လာကြောင်း သိရှိနိုင်ရန် သတင်းအချက် အလက်သစ်များ ထွက်ပေါ်လာခြင်း၊

(၃) စီမံကိန်းသည် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာကို မူလအတည် ပြုခဲ့သည့် အချိန်မှ ကြိုတင်သိမြင်နိုင်ခြင်းမရှိသော ဆိုးကျိုးသက်ရောက်မှုများ ရှိခြင်း၊

(၄) စီမံကိန်း၏ဆိုးကျိုးသက်ရောက်မှုများသည် မူလပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီ အစဉ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံ လက်မှတ်နှင့် စည်းကမ်းချက်များထုတ်ပေးခြင်း၊ ပြင်ဆင်ခြင်း၊ တင်သွင်းခြင်း

နှင့် အတည်ပြုခြင်းများအတွက် အခြေခံအချက်များ ထုတ်ဖော်ခဲ့စဉ်က မျှော်မှန်းထားသည့် ထိခိုက်မှုထက် ပိုမိုကြီးမားခြင်း၊

(၅) အကောင်းဆုံးရရှိနိုင်သော နည်းလမ်း အဓိပ္ပာယ်ဖွင့်ဆိုချက်အရ စီမံကိန်း၏ ဆိုးကျိုး သက်ရောက်မှုကို ထူးခြားစွာ လျှော့ချနိုင်ခြင်း၊

(၆) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများကို စီမံကိန်းတွင် စီးပွားရေးအရ သိသိသာသာ အပိုကုန်ကျစရိတ် မဖြစ်စေဘဲ အလေ့အကျင့်ကောင်းများဖြင့် လျှော့ချနိုင်ခြင်း၊

(၇) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ထားသော နည်းလမ်းများ/ စည်းကမ်းချက်များသည် ဆိုးကျိုးသက်ရောက်မှုများကို လျှော့ချရာတွင် မလိုအပ်တော့ဟု ဆုံးဖြတ်နိုင်ခြင်း။

၉။ **ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေဆိုင်ရာ စည်းကမ်းချက်များ။** ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ရန်ပုံငွေနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ ၃၀ နှင့်အညီ ညစ်ညမ်းမှု (ထုတ်လွှတ်မှု၊ စွန့်ပစ်ပစ္စည်း) ဖြစ်စေခြင်းအတွက် ပေးဆောင်ငွေများ၊ သယံဇာတအသုံးပြုမှုနှင့် ဂေဟစနစ်ဝန်ဆောင်မှုများမှ အကျိုးရရှိခြင်းအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေတွင် ပေးဆောင်ငွေများအဖြစ် ထည့်ဝင်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ အတည်ပြုချက်ဖြင့် ဤဝန်ကြီးဌာနက သတ်မှတ်ပါက စီမံကိန်းအဆိုပြုသူမှ ငွေကြေးထည့်ဝင်ရမည်၊

(ခ) စီမံကိန်းအဆိုပြုသူသည် ငွေရေးကြေးရေး အာမခံချက်များအားလုံးကို ဝန်ကြီးဌာနမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီ၏ အတည်ပြုချက်ဖြင့် သတ်မှတ်/ပြင်ဆင်တောင်းခံပါက ထည့်ဝင်ရမည်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် အစီရင်ခံစာတွင် ဖော်ပြထားသည့်အတိုင်း ရန်ပုံငွေထူထောင်ထားရှိရမည်၊

(ဃ) စီမံကိန်းအဆိုပြုသူအနေဖြင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများအတွက် ထည့်သွင်းဖော်ပြထားသည့် လျာထားအသုံးစရိတ်များနှင့်ပတ်သက်၍ သီးခြားငွေစာရင်းဖွင့်လှစ်ထားသော အထောက်အထားအချက်အလက်ဖြင့် ထည့်သွင်းဖော်ပြရမည်။

အထွေထွေစည်းကမ်းချက်များ

၁၀။ စီမံကိန်းအဆိုပြုသူသည် စီမံကိန်းဒီဇိုင်းနှင့် စီမံကိန်းလုပ်ငန်းများကို ပြင်ဆင်ရန်ရှိပါက ဝန်ကြီးဌာနသို့ ကြိုတင်အသိပေးတင်ပြရမည်။

၁၁။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ဤလက်မှတ်ပါ လုပ်ငန်းနှင့်သာ သက်ဆိုင်စေရမည်။

၁၂။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး စီမံကိန်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုမိန့်မှာ သက်ဆိုင်ရာဌာန၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံး လုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရန်ဖြစ်သည်။ စီမံကိန်းသက်တမ်းအတွင်း စစ်ဆေးမှု ပြုလုပ်ချိန်တွင် ခွင့်ပြုမိန့်စာရွက်စာတမ်း အထောက်အထားများအားလုံးကို တင်ပြရမည်။

၁၃။ စီမံကိန်းပိုင်ရှင်နှင့် အဆိုပြုထားသောလွှဲပြောင်းလက်ခံသူတို့၏ ပူးပေါင်းလျှောက်ထားချက်အရ ဤသက်သေခံလက်မှတ် သို့မဟုတ် ယင်း၏အစိတ်အပိုင်းတစ်ရပ်ရပ်ကို အဆိုပြုထားသော လွှဲပြောင်းလက်ခံသူထံ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိပြီးမှသာ လွှဲပြောင်းရမည်။

၁၄။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အပိုဒ် ၁၀၂ အရ စီမံကိန်း အဆိုပြုသူသည် မိမိကိုယ်တိုင်ကြောင့်ဖြစ်စေ မိမိကိုယ်စားဆောင်ရွက်ရန် ခန့်ထားခြင်း သို့မဟုတ် ငှားရမ်းခြင်း သို့မဟုတ် အခွင့်အာဏာပေးခြင်း ပြုထားသည့် ကန်ထရိုက်တာ၊ လက်ခွဲဆောင်ရွက်ပေးသူ ဆပ်ကန်ထရိုက်တာ၊ အရာရှိ၊ အလုပ်သမား၊ ကိုယ်စားလှယ် သို့မဟုတ် အတိုင်ပင်ခံများ၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့်ဖြစ်စေ ပေါ်ပေါက်သည့် ဆိုးကျိုးသက်ရောက်မှုများအားလုံး တို့အတွက် တာဝန်ရှိသည်။

၁၅။ စီမံကိန်းအဆိုပြုသူသည် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာမှု မရှိပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူခြင်းခံရမည်။